# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၁၂ ရက်မြောက်နေ့အစီအစဉ်

# [ ၆ – ၉ – ၂၀၁၁]

# (အင်္ဂါနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **“ငြိမ်းချမ်းရေး တည်ဆောက်ခြင်း ကော်မရှင် ဖွဲ့စည်းပေးရန်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဒေါ်နန်းဝါနု၊ ကွန်ဟိန်း မဲဆန္ဒနယ်၏ **“အစိုးရနှင့် တောတွင်း လက်နက်ကိုင် အဖွဲ့များ ဆွေးနွေးရေး”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးအောင်ကျော်စိုး၊ နတ်မောက် မဲဆန္ဒနယ်၏ **“ပညာရေးဝန်ကြီး ဌာနတွင် အဆောက်အဦများ ဆောက်လုပ်ထိန်းသိမ်းသော စနစ်”** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းသန်းနိုင်၊ ဖာပွန် မဲဆန္ဒနယ်၏ **"စာသင်ဆောင်များတိုးချဲ့ ဆောက်လုပ်ရန် နှင့် လိုအပ်သော ရန်ပုံငွေကို ထပ်မံချပေးရန်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။

(င) ဦးသန်းစိန်၊ ကြည့်မြင်တိုင် မဲဆန္ဒနယ်၏ **" Phd Thesis Paperများနှင့် Research များကို အသုံးပြုမှု"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **" ပညာရေး ကဏ္ဍ ဘဏ္ဍာငွေအသုံးစရိတ်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်၏ **" ပညာရေး ကဏ္ဍအတွက် တိုးတက် သုံးစွဲရန် အစီအမံများ"** နှင့်စပ်လျဉ်း သည့် မေးခွန်း။

(ဇ) ဦးသန်းဦး၊ မြဝတီ မဲဆန္ဒနယ်၏ **"စက်ရုံ၊ အလုပ်ရုံများ တည်ထောင် ဖွင့်လှစ်ခြင်းကို ခွင့်ပြုပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးသိန်းရီ၊ ထန်းတပင် မဲဆန္ဒနယ်၏ **"ထန်းတပင်မြို့နယ်တွင် စက်ရုံ၊ အလုပ်ရုံများ တည်ဆောက် ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးကျန်ထွန်း၊ ကနီ မဲဆန္ဒနယ်၏ **"ရွှေစာရေး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်း"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဋ) ဦးဇော်ကိရ်အာမတ်(ခ)ဦးအောင်ဇော်ဝင်း၊ မောင်တော မဲဆန္ဒနယ်၏ **"အစ္စလာမ် ဘာသာဝင်များအတွက် ဗလီဝတ်ပြုကျောင်းအများစု ပြင်ဆင်ခွင့်နှင့် အသစ်ဆောက်လုပ်ခွင့်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုရန် ပြည်သူ့လွှတ်တော် ၏ အဆုံးအဖြတ် ရယူခြင်း။

၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ က တာဝန်ပေးအပ်ထားသူက **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"** ကို အတည်ပြုရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း။

၈။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က **"ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၉။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ က အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော **" အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** နှင့် **"တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** တို့ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ ဦးဆားမူ၊ လဟယ် မဲဆန္ဒနယ်၏ **" နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း) မြို့နယ်များအတွင်း နေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး "** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း-

(က) ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်။

( ခ ) ဗိုလ်မှူးကြီးဌေးနိုင်၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။

( ဂ ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်။

(ဃ) ဦးလှထွန်း၊ ခန္တီး မဲဆန္ဒနယ်။

၁၁။ အဆိုနှင့်စပ်လျဥ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၂။ အဆိုနှင့် စပ်လျဥ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၃။ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **“ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ် ဖြေဆိုသည့် ရှေးရိုးစဉ်လာပညာရေးစနစ်အစား ထိုထက်ပို၍ခေတ်မီသော ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်း ”**အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဗိုလ်မှူးမြတ်မိုး၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်။

( ခ ) ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်း မဲဆန္ဒနယ်။

( ဂ ) ဦးသန်းနွယ်၊ ဘုတလင် မဲဆန္ဒနယ်။

(ဃ) ဒေါက်တာမြဦး၊ ငါန်းဇွန် မဲဆန္ဒနယ်။

( င ) ဦးရဲထွန်း၊ သံတွဲ မဲဆန္ဒနယ်။

( စ ) ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်း မဲဆန္ဒနယ်။

(ဆ) ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင် မဲဆန္ဒနယ်။

(ဇ) ဦးခင်မောင်ရည်(ခ)ခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်။

၁၄။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၁၅။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၆။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **“နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ်မူကြမ်းရေးဆွဲပြုစုပြီး လိုအပ်သောအစီအစဉ်များ ပြုလုပ်ပေးပါရန်”** အဆို တင်သွင်းခြင်း။

၁၇။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၈။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ **" သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသား ဖြန့်ဝေခွင့်စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန် "** အဆို တင်သွင်းခြင်း။

၁၉။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၀။ ဦးစိုးစိုး၊ ထီးချိုင့် မဲဆန္ဒနယ်၏ **"တက္ကသိုလ်ဝင် စာမေးပွဲ စစ်ဆေးဖြေဆိုမှု တွင် မေးခွန်းများကို တစ်နိုင်ငံလုံး တပြေးညီ ကျင့်သုံးဆောင်ရွက်သင့် ပါကြောင်း "** အဆို တင်သွင်းခြင်း။

၂၁။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၂။ ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **" ဝေးလံခက်ခဲသော တောင်ပေါ်ဒေသ များမှ ကျောင်းသူ/ကျောင်းသားများအား ပညာရေးကောလိပ်၊ သားဖွား ဆရာမနှင့်သူနာပြုအစရှိသည့် သင်တန်းများတွင် ဝင်ခွင့်ရရှိရေး အတွက် သတ်မှတ်ထားသော (၁၀)တန်းရမှတ်ကို လျှော့ပေါ့ စဉ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချုပ်ဖြင့် ဒေသခံများအား အထူးဦးစားပေး တက်ရောက် နိုင်ရေးအတွက် ခွင့်ပြုစေ နိုင်ရေး"** အဆို တင်သွင်းခြင်း။

၂၃။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၂၄။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။